# လွယ်ကူစွာသိမြင်သဘောပေါက်နိုင်ရန် ရှေ့ဆောင်လမ်းပြမှုနည်းလမ်းများ Transparency Masters

ဤကမ္ဘာမြေသည် သက်နုဖြစ်ကြောင်းရပ်တည်မှု အနေအထားအား ထောက်ခံသော သတင်းအချက်အလက်ကောင်းများ အမြဲပင် ကြွယ်ဝများ မြောင်လှပေသည်။ ပြဿနာက ၎င်းအကြောင်းကို လူတွေနားထောင်ရန် အခြေအနေဖန်တီးပေးရန်ကိစ္စဖြစ်သည်။ ရှေးဦးစွာ သူတို့၏ဘဝတစ်လျှောက်လုံး ဝေဖန်ပိုင်း ခြားဉာဏ်ဖြင့်ခံယူမှု (brainwashing) အပေါ် စိစ်ကြော မေးမြန်းရမည်။ ထို့နောက် မလေ့လာခဲ့ရသော အတိတ်အကြောင်းအရာ (unobserved past) နှင့် သက်သေအထောက်အထားတို့နှင့် ပတ်သက်၍စဉ်းစားရာတွင် သင့်လျော်မှန်ကန်သော တွေးတောကြံဆနည်းကို သင်ကြားပေးရန်ဖြစ်သည်။

သင် သိရှိပြီးသည့်အတိုင်း ဤစာအုပ်တွင် အဓိကအယူအဆတိုင်းလိုလို၌ ဥပမာ/ပြယုဂ်နှင့်တကွ ရှင်းပြထားပြီးဖြစ်၏။ တကယ်တော့ ၎င်းတို့မှာ သင်ကြားရေးတန်ဆာပလာများပင်ဖြစ်၏။ ကျောင်းများ၊ဥပုဒ်စာဖြေကျောင်းများမှ သည်တက္ကသိုလ်ကောလိပ်များ သို့မဟုတ် အခြားနေရာများ (arenas) ၌ သူများကို သင်ပေးမည့် ကျွန်ုပ်တို့အတွက် အထောက်အကူပြုရန်ရည်ရွယ်ပါသည်။

အိုဗာဟက်ပရိုဂျက်တာ (Overhead projector) သည် အကောင်းဆုံး သင်ထောက်ပစ္စည်းတစ်ခုဖြစ်သည်။ ၎င်းအသုံးပြုခြင်းဖြင့်အကျိုးဖြစ်ထွန်းလေ့ရှိကြောင်း ကျွန်ုပ်တွေ့ရှိသည်။ အချို့ပို့ချချက်များတွင် "စလိုက်" (slides) လည်း အမြင်အာရုံစိုးမိုးစေရန်လိုအပ်ပါသည်။ သို့သော် မြင်သာထင်သာပရိုဂျက်တာကို အများစုအတွက် သာ၍ကြိုက်နှစ်သက်ဖွယ်ဖြစ်၏။ စာသင်ခန်းတွင် မှောင်အတိဖြစ်ရန် သိပ်မလိုခြင်း၊ ပို့ချနည်းအမျိုးမျိုးပြောင်းလဲရန် လွတ်လပ်ခွင့်နှင့်စာ ချခံပရိသတ်အား သေချာကြည့်ရှုနိုင်ခွင့် (eye contact with the audience)တို့ကို ပို့ချသူရရှိစေသည်။ သို့နှင့် ဤသရုပ်ဖော်ပြနည်းများသည် အလွယ်တကူ သိမြင် သဘောပေါက်နိုင်စေရန် ရှေ့ဆောင်နည်းပြများ (overhead transparency masters) ဖြစ်ပေသည်။

**ပြသလိုသည်များကို ညွှန်ပြသည့်အရာအချို့ (some pointers)**

ဤအပိုင်း (section) ၌ပါရှိသော မြင်သာထင်သာ အိုဗာဟက်ရှေ့ဆောင်နည်းပြများ (ovrhead masters) မှာ စာအုပ်တွင်တွေ့ရှိသည့် အစီအစဉ်အတိုင်း နီးပါးဖြစ်သည်။ သည်ဖတ်စာအုပ်စာကိုယ် (body of the text) အတွက် စာမျက်နှာတစ်ဝက် သို့မဟုတ် ပိုပါက ပြန်လည် သရုပ်ဖော်ပြခြင်းမပြုတော့ပါ။ အကြောင်းမှာ လူအများစုက မိတ္တူကူးစက်များဖြင့် အလွယ်တကူ မှုရင်းမှချဲ့ပြီး ကူးယူနိုင်သည်။ များသောအားဖြင့် အိုဗာဟက်ပရိုဂျက်တာ စင်မြင့်ပေါ်မှ ပြကွက်မှာ "၁၀ × ၁၀" ရှိသောကြောင့် ထင်သာမြင်သာသည့် အတိုင်းအတာအတွက် "၈ × ၁၀"ကအကောင်းဆုံးဖြစ်ကြောင်း ကျွန်ုပ်တွေ့ရှိပြီးဖြစ်၏။

၎င်းတို့သည် အရေအတွက်အားဖြင့် ပို့ချမှုအချိန်တစ်ချိန်အတွက် ထက်မက ပိုများနိုင်သည်။ အားလုံးကို "အိုဗာဟက်" ချက်ချင်းမပြုလုပ်ဖို့ ကျွန်ုပ် အကြံပြုတိုက်တွန်းလိုသည်။ များလွန်းလျှင် အကုန်အကျသိပ်များနိုင်သည်။

စင်စစ်မူ၊ အဓိကအားဖြင့် အလွတ်ပစ္စည်း (blank transparency) အတွက် အကုန်ကျခံရမည်ဖြစ်သော်လည်း မှင်သုံးစွဲမှုအဆင်ပြေအောင် မိတ္တူကူးစက်ကောင်းတစ်လုံးလိုအပ်၏။ အခြားတစ်ဘက်(မှင်လွတ်သည့်ဖက်)၌ မြဲသောရောင်စုံအမှတ်အသားများ (permanent color markers) ဖြည့်စွက်ခြင်းအားဖြင့် များစွာတိုးပွားစေနိုင်သည်။ သုံးစွဲရန်ပစ်ထုတ်လွှတ်သောအခါတွင် အရောင်ပျက်တတ်သည်ကို ဂရုစိုက်သိရှိပါလေ။

ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း ဤစာအုပ်ပါအသုံးပြုသော ဓါတ်ပုံများအား အရောင်ခြယ်စလိုက်များ (color slides) အနေနှင့်မရနိုင်သော်လည်း ကိုယ်ပိုင်ရအောင် စတင် စုဆောင်းရန် ကျွန်ုပ်အားပေးပါရစေ။ စလိုက်များမှလည်း အရောင်ထုတ်မိတ္တူကူးစက်နှင့် တွဲဖက်စလိုက်ပရိုဂျက်တာကို အသုံးပြု

ခြင်းအားဖြင့် အရောင်အသွေး နှင့်မြင်သာသော သရုပ်ဖော်ပြကွက်များ(color transparencies)ပြုလုပ်တပ်ဆင်နိုင်သည်။ မိတ္တူကူးဆိုင်ကြီးအများစုတွင် ထိုပစ္စည်းကိရိယာများရှိပါသည်။

(စကားမစပ် လူအများ၏ မေတ္တာရပ်ခံချက်တို့ကို တုံ့ပြန်သောအားဖြင့် Dr.Steve Austin က Mt.St.Helens "စလိုက်"များကို ပြုလုပ်ပြီးဖြစ်ရာ သူ့အိမ်မှ တိုက်ရိုက်ဝယ်ယူရရှိနိုင်ကြောင်း၊ ICR မှာမူ သိပ္ပံသုတေသနဌာနနှင့် ပညာရေးအဖွဲ့အစည်းတစ်ခုအနေဖြင့် "စလိုက်" မိတ္တူကူးလုပ်ငန်းလုပ်ကိုင်ရန်အတွက် လက်တွေ့မကျ။)

သင်သည် ဤ"အိုဗာဟက်"များ သို့မဟုတ် (Dr.Austin ၏စလိုက်များ)အား မိမိသင်ကြားပို့ချရေး၌ သုံးပိုင်ခွင့်အပြည့်ရှိကြောင်း သိရှိပါ။ ၎င်းကိစ္စအတွက် အဘယ်ပုံနှိပ်စာ၌မဆို၊ မည်သည့်နေရာမှ စတင်ဖြစ်လာပါစေ၊ သက်ဆိုင်ရာသရုပ် ဖော်ပြချက် (illustration) မှန်သမျှအား သင်သည်စာရေးသူနှင့်ပင် သဘောမတူသည့်တိုင် တရားဝင်အသုံးပြုနိုင်သည်။ ယင်းလွတ်လပ်မှုသည် စတင်ရရှိသောနေရာကို အသိအမှတ်ပြုဖော်ပြပေးခြင်းရှိသရွေ့ နှင့် မူလစာရေးသူ၏ ရပ်တည်ချက်ကို အဆီအငေါ်မတည့် စောက်တလွဲကိုယ်စားပြုခြင်းမရှိသရွေ့ သင့်ကိုယ်ပိုင်ပို့ချမှုအတွက် ဆက်လက်တည်ရှိပေသည်။ အခြားတစ်ဦး၏ မူပိုင် ရေးသားဖော်ပြချက်ကို မိမိပုံနှိပ်စာအုပ် သို့မဟုတ် ဗီဒီယို၌ အသုံးပြုပြီး၊ မိတ္တူကူးပွား၍ ရောင်းချမည်ဆိုလျှင်မူ ထိုလွတ်လပ်စွာပြုချက်မှာ အကျုံးမဝင်။

ကျွန်ုပ်၏ဆုတောင်းချက်ကတော့ ဤစာအုပ်အားဖြင့် သင်ကိုယ်တိုင် အထောက်အမဖြစ်ရုံသာမက အခြားတစ်ပါးသူများကို ယိုင်းပင်းကူညီရန်အတွက်လည်း သင်အသုံးပြုနိုင်ပါစေကြောင်းတည်း။ ပညာသင်ကြားပေးမှုလုပ်ငန်းတွင် ပညာသင်ပေးပို့ချသူ (Educator) အများအပြားလိုအပ်သည်။ အများသူငါတို့၏အသက်တာကို တည်ဆောက်စရာဖြစ်ဖို့ရန် ပေါများကြွယ်ဝသော အခွင့်အရေးများ ဘုရားရှင်ချပေးနိုင်ပါစေသော်။